မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

နေ့စဉ်ဈေးကွက်သတင်းလွှာ

February 25 , 2026 Volume 99 , Number 15

၂၅. ၂.၂၀၂၆

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၇၈.၄၂ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၆၀.၈၇ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၃၈.၆၈ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၉၃.၁၀ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၅.၈၅ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၀၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၆.၇၁ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၄၀.၄၇ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၇.၆၀ ကျပ် |

CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

## ဈေးကွက်သုံးသပ်ချက် (၁၆.၂.၂၀၂၆ )မှ (၂၂.၂.၂၀၂၆)အထိ




**ပြည်ပပို့ကုန်ပဲများ ဈေးနှုန်းကျရိပ်သန်းလာ**

အိန္ဒိယနှင့်တရုတ်ဈေးကွက်သို့ တင်ပို့နေသည့် မြန်မာ့လယ်ယာပို့ကုန်များမှာ ယခုရက်သတ္တပတ်အတွင်းဈေးနှုန်းအနည်းငယ်ကျဆင်းလာသည်။

ပြည်တွင်းငွေကြေးဈေးကွက်၌ နိုင်ငံခြားငွေတန်ဖိုး အနည်းငယ်အားပျော့လာခြင်းနှင့်အတူ မတ်ပဲ၊ ပဲစင်းငုံနှင့်ပဲတီစိမ်းဈေးနှုန်းများမှာလည်း လိုက်ပါကျဆင်းလာခြင်းဖြစ်သည်။

**ဈေးနှုန်းကျဆင်းလာသည့် ပို့ကုန်ပဲများ**

အိန္ဒိယနိုင်ငံသို့အဓိကတင်ပို့နေသည့် မတ်ပဲနှင့်ပဲစင်းငုံဈေးကွက်မှာ အကျဘက်သို့ ဦးတည်နေသည်။ ဆောင်းရာသီတွင်အဓိကစိုက်ပျိုးသည့် မတ်ပဲမှာ အိန္ဒိယဈေးကွက်တွင် ဈေးအားပျော့လာသကဲ့သို့ ပြည်တွင်းဈေးကွက်၌လည်း ဈေးအနည်းငယ် လျော့ကျသွားသည်။

အိန္ဒိယဈေးကွက်ရှိ မြန်မာမတ်ပဲ (CNF) ဈေးနှုန်းမှာ FAQ တစ်တန်လျှင် ဒေါ်လာ ၈၇၅ မှ ၈၇၀ သို့လည်းကောင်း၊ SQ တစ်တန်လျှင် ဒေါ်လာ ၉၇၅ မှ ၉၇၀ သို့လည်းကောင်းကျဆင်းခဲ့သည်။ မြန်မာနိုင်ငံ၏ ပြည်ပတင်ပို့မှု (FOB) ဈေးနှုန်းတွင်လည်း FAQ တစ်တန်လျှင် ဒေါ်လာ ၈၂၀-၈၃၀ နှင့် SQ တစ်တန်လျှင် ဒေါ်လာ ၉၂၀-၉၃၀ ခန့်သာရှိသည်။

ပြည်တွင်းဈေးကွက်တွင်လည်း မတ်ပဲ FAQ တစ်တန်လျှင် ကျပ် ၃,၀၉၃,၀၀၀ မှ ၃,၀၆၂,၀၀၀ သို့လည်းကောင်း၊ မတ်ပဲ SQ တစ်တန်လျှင် ကျပ် ၃,၄၅၃,၀၀၀ မှ ၃,၄၁၂,၀၀၀ သို့လည်းကောင်း အသီးသီး ဈေးကျဆင်းသွားခဲ့သည်။

ထို့အတူ ဈေးကွက်ပြိုင်ဆိုင်မှုများသည့် ပဲစင်းငုံမှာလည်း ယခုရက်သတ္တပတ်တွင် ဈေးအေးသွားသည်။ ပြီးခဲ့သည့်နှစ်က မြန်မာနိုင်ငံ၌ အထွက်နှုန်းနည်းခြင်းနှင့် အိန္ဒိယတွင်စိုက်ခင်းများပျက်စီးခဲ့ခြင်းကြောင့် ဈေးနှုန်းဆက်တိုက်မြင့်တက်ခဲ့သော်လည်း ယခုအခါ ပြည်တွင်း၊ ပြည်ပဈေးနှုန်းအားလုံး ကျရိပ်သန်းနေသည်။

အိန္ဒိယဈေးကွက်တွင် မြန်မာပဲစင်းငုံသည် ဆူဒန်၊ မိုဇမ်ဘစ်၊ နိုင်ဂျီးရီးယားနိုင်ငံတို့မှ ပဲများနှင့်ယှဉ်ပြိုင်နေရပြီး တစ်တန်လျှင် ဒေါ်လာ ၂၀ ခန့်ဈေးကျသွားသည်။ မိုဇမ်ဘစ်ပဲစင်းငုံ (CNF) မှာဒေါ်လာ ၆၃၀-၇၂၀၊ ဆူဒန်ပဲစင်းငုံမှာဒေါ်လာ ၉၁၀ ဝန်းကျင်သာရှိတော့သည်။ မြန်မာပဲစင်းငုံ (၂၀၂၅ crop) မှာ ဒေါ်လာ ၈၈၀ နှင့် ၂၀၂၆ crop မှာ ဒေါ်လာ ၉၀၀ ထိ ဈေးကျဆင်းခဲ့သည်။ ပြည်တွင်းဈေးကွက်တွင်လည်း ပဲစင်းငုံတစ်တန်လျှင် ကျပ် ၃၂ သိန်းမှ ၃,၁၆၈,၀၀၀ ဝန်းကျင်ထိ ဈေးလျော့ကျသွားသည်။

**ဈေးဆက်တိုက်ကျနေသည့် ပဲတီစိမ်း**

တရုတ်ဈေးကွက်ကို အဓိကထားသည့် ပဲတီစိမ်းမှာ ယခုရက်သတ္တပတ်တွင်လည်း ဈေးဆက်လက်ကျဆင်းနေသည်။ ပြည်တွင်းဈေးသာမက ပြည်ပ(FOB) ဈေးပါဆက်တိုက်ကျနေပြီး နယ်ဈေးကွက်တွင် တစ်တင်းလျှင် ကျပ် ၁၀၀,၀၀၀ အောက်သို့ ရောက်ရှိသွားသည်။

ရန်ကုန်ဈေးကွက်တွင် ပဲတီစိမ်း (FOB) ဈေးမှာ တစ်တန်လျှင် ဒေါ်လာ ၃၀ ခန့် ထပ်မံကျဆင်းခဲ့ရာ ပဲတီစိမ်း (အညာ) FAQ မှာ ဒေါ်လာ ၈၅၀-၈၆၀ နှင့် ပဲတီစိမ်း (ရွှေဝါ) မှာ ဒေါ်လာ ၉၇၀-၉၈၀ သို့ အသီးသီး ပြောင်းလဲသွားသည်။ ပြည်တွင်းဈေးတွင်လည်း ပဲတီစိမ်း (အညာ) တစ်ပိဿာ ကျပ် ၄၈၃၀-၄၈၅၀ နှင့် ပဲတီစိမ်း (ရွှေဝါ) တစ်ပိဿာ ကျပ် ၅၄၁၅ ဝန်းကျင်သာ ရှိတော့သည်။

**ပြည်တွင်းစားသုံးမှုများသည့် ပဲများ**

ပြည်တွင်းစားသုံးမှုအတွက် အဓိကကျသော ပဲကြီးမှာ စိုက်ပျိုးဖြစ်ထွန်းမှု အားနည်းခြင်းကြောင့် ဈေးမာနေသည်။ ပဲကြော်၊ ပဲလှော်လုပ်ငန်းရှင်များ၏ ဝယ်လိုအားအပြင် အိန္ဒိယနိုင်ငံ၏ ဝယ်လိုအားပါ ရှိနေသဖြင့် ဈေးကောင်းရနေခြင်းဖြစ်သည်။

ယခုရက်သတ္တပတ်တွင် ပဲကြီး (FOB) ဈေးနှုန်းမှာ တစ်တန်လျှင် ဒေါ်လာ ၃၀ ခန့် ထပ်မံမြင့်တက်လာကာ တစ်တန်လျှင် ဒေါ်လာ ၁၂၃၅-၁၂၄၅ ထိ ရှိလာသည်။ သို့သော် ရန်ကုန်ဈေးကွက်၌ ပြည်တွင်းသုံး ပဲကြီးဈေးမှာ အနည်းငယ်ဈေးပျော့သွားပြီး ပဲကြီး (ရွှေကျွန်း) တစ်ပိဿာလျှင် ကျပ် ၈၄၉၅-၈၈၅၀ ခန့်ရှိကာ မန္တလေးဈေးကွက်တွင်မူ တစ်တန်လျှင် ကျပ် ၅၃ သိန်းကျော်ဖြင့် ဈေးဖွင့်ထားသည်။

ကုလားပဲဈေးကွက်တွင်မူ အမျိုးအစားအလိုက် ဈေးနှုန်းအတက်အကျ ရှိနေသည်။ ကုလားပဲဖြူလုံးကြီး V2 (FOB) ဈေးမှာ တစ်တန်လျှင် ဒေါ်လာ ၆၉၀-၇၀၀ သို့ ဈေးကျသွားသော်လည်း မန္တလေးဈေးကွက်၌ ကုလားပဲ ၉၂၉ နှင့် ကုလားပဲဖြူ (V2) သစ်တို့မှာ တစ်တန်လျှင် ကျပ် ၂,၄၂၀,၀၀၀ ဝန်းကျင်ထိ ဈေးအနည်းငယ် ပြန်တက်လာသည်ကို တွေ့ရသည်။

**ပြောင်းဈေး ထပ်မံမြင့်တက်**

ထိုင်းနိုင်ငံမှ အခွန်ကင်းလွတ်ခွင့်ဖြင့် ပြောင်းဝယ်ယူမှု စတင်ပြီးနောက် မြန်မာ့ပြောင်းဈေးနှုန်းမှာ တစ်ပိဿာလျှင် ကျပ် ၁,၅၀၀အထက်သို့ထပ်မံမြင့်တက်လာသည်။ ဤအခြေအနေသည် မကြာမီပေါ်တော့မည့် ဧရာဝတီတိုင်းမှ ပြောင်းစိုက် တောင်သူများအတွက် အခွင့်အလမ်းကောင်း ဖြစ်လာနိုင်သည်။ လက်ရှိတွင် ရှမ်းပြည်နယ်ထွက်ပြောင်းများမှာ တောင်သူလက်ထဲတွင် နည်းပါးသွားပြီး သိုလှောင်သူများလက်ထဲတွင်သာ ကျန်ရှိတော့သည်။

ရန်ကုန်ဈေးကွက်တွင် ပြောင်း (FOB) ဈေးမှာ တစ်တန်လျှင် ဒေါ်လာ ၂၄၀-၂၅၀ ဖြင့် ငြိမ်နေသော်လည်း ပြည်တွင်းဈေးမှာ တစ်ပိဿာလျှင် ကျပ် ၁၅၂၀ မှ ၁၅၄၀ ထိ ဆက်လက် မြင့်တက်နေသည်။ မန္တလေးဈေးကွက်တွင်လည်း ရှမ်းပြောင်းတစ်တန်

ကျပ် ၈၆၀,၀၀၀ ကျော်နှင့် CP ပြောင်း (သစ်) တစ်တန် ကျပ် ၈၇၃,၀၀၀ ကျော်ထိ ဈေးမြင့်တက်ခဲ့သည်။

**Source : Myanma Awba**

## မြန်မာ့ထုတ်ကုန်များ ပြည်ပဈေးကွက်ဝင်နိုင်ရေး အကြံဉာဏ်များ ပေးသွားမည်




မြန်မာနိုင်ငံကထုတ်လုပ်တဲ့ ကုန်ပစ္စည်းတွေ နိုင်ငံတကာ ဈေးကွက်ကို ထိုးဖောက်ဝင်ရောက်နိုင်ဖို့အတွက် အခက်အခဲတွေကို ရင်ဆိုင်ကျော်လွှားနိုင်ရေး အကြံဉာဏ်တွေပေးသွားမယ်လို့ Super Seven Stars ကုမ္ပဏီရဲ့ ကုန်ထုတ်လုပ်မှုဒါရိုက်တာ ဦးမြင့်ဝင်းက ပြောပါတယ်။

မြန်မာနိုင်ငံက အသေးစား၊ အငယ်စား၊ အလတ်စား ကုန်ထုတ်လုပ်တဲ့ လုပ်ငန်းရှင်တွေအပါအဝင် နိုင်ငံတကာ ဈေးကွက်ကို ထိုးဖောက်ချင်တဲ့ကုန်ထုတ်လုပ်ငန်းရှင်တွေအနေနဲ့ခေတ်မီနည်းပညာတွေအသုံးပြုတာနဲ့နိုင်ငံတကာက ကုန်ထုတ်လုပ်မှုစနစ်တွေကို မျက်ခြည်မပြတ်ဖို့ လိုအပ်တယ်လို့ ဆိုပါတယ်။

ဒါ ကြောင့် ဈေးကွက်ထိုးဖောက်ဖို့အတွက် အခက်အခဲတွေကို ဖြေရှင်းဖို့ အကြံဉာဏ်တွေ လိုအပ်လာရင် အခမဲ့လာရောက်တိုင်ပင်ဆွေးနွေးနိုင်တယ်လို့ ကုန်ထုတ်လုပ်မှုဒါရိုက်တာ ဦးမြင့်ဝင်းက ပြောပါတယ်။

မြန်မာနိုင်ငံမှာကုန်ကြမ်းတွေပေါများပေမဲ့ နိုင်ငံတကာဈေးကွက်ဝင်ထုတ်ကုန်တွေဖြစ်နိုင်ဖို့အရေးမှာတော့ အရည်အသွေးပိုင်းဆိုင်ရာ စိန်ခေါ်မှုနဲ့ အားနည်းချက်တွေ ရှိနေသေးတယ်လို့ သိရပါတယ်။

Super Seven Stars ကုမ္ပဏီဟာ သူ့ကုမ္ပဏီထုတ်လုပ်တဲ့ကုန်ပစ္စည်းတွေကို နိုင်ငံပေါင်း ၂၀ နဲ့ ချိတ်ဆက်ရောင်းဝယ်နေတယ်လို့ သိရပါတယ်။

**Source :** https://onenewstvchannel.com/

## ရေတ်ကောင်းမြို့၌ ယခုဆောင်းသီးနှံ စိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံစုံ ဧက ၃၈၀၀ ကျော် စိုက်ပျိုးပြီးစီး



ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ရေတ်ကောင်းမြို့၌ ယခုဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံစုံဧက ၃၈၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ရေတ်ကောင်းမြို့၌ ယခုဆောင်းသီးနှံစိုက်ပျိုးရာသီတွင်ဆီထွက် သီးနှံစုံ ၃၈၆၁ ဧကကို ၂၀၂၅ ခုနှစ် နိုဝင်ဘာလပထမပတ်က စတင် စိုက်ပျိုးခဲ့ရာ လက်ရှိတွင် ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ ဆီထွက်သီးနှံ ၃၈၆၁ ဧက တွင် မြေပဲ ၃၆၄၈ ဧက၊ နှမ်း ၁၁၉ ဧက ၊ နေကြာ ၉၄ ဧကပါဝင်ကြောင်း သိရသည်။

''ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဆီထွက်သီးနှံစုံ ၃၈၆၁ ဧကအထိလျာထား စိုက်ပျိုးခဲ့ပါတယ်။လက်ရှိမှာ ဆီထွက်သီးနှံတွေ လျာထားချက်အတိုင်း ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဆောင်းသီးနှံတွေ လျာထားချက်အတိုင်းပြည့်မီဖို့ စိုက်ပျိုးရေးဦးစီးဌာန၊ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနနဲ့ ဒေသခံတောင်သူတွေ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။ သန့်ရှင်း လတ်ဆတ်တဲ့စားသုံးဆီတွေကို စားသုံးနိုင်စေဖို့နဲ့ ဒေသတွင်းစားသုံးဆီပိုလျှံတဲ့အခါ စားသုံးဆီ လိုအပ်ချက်ကိုဖြည့်ဆည်းဖို့ ဆီထွက်သီးနှံတွေကို စီမံချက်ချမှတ်စိုက်ပျိုးတာဖြစ်ပါတယ် ''ဟု ငပုတော မြို့နယ် စိုက်ပျိုးရေး ဦးစီးဌာန ဦးစီးမှူး ကပြောသည်။

ရေတ်ကောင်းမြို့၌ ယခုဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံမြေပဲစိုက်ပျိုးနိုင်ရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြေဆီလွှာပြုပြင်ရေးနည်းစနစ်များ၊ မြေပဲမျိုးစေ့ရွေးချယ်မှု မှန်ကန်စေရေး၊ စိုက်နည်းစနစ် မှန်ကန်စေရေး၊ ပိုးသတ်ဆေးနှင့်

အာဟာရဓာတ်ရရှိစေရန်ဆေးသုံးစွဲမှုနည်းစနစ်များ မှန်ကန်စေရေး၊အပင်အားဆေးနှင့် ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေး စသည့် လုပ်ငန်းများကို စိုက်ပျိုးသည့် တောင်သူများအား ကြိုတင်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**Source :** https://myawady.net.mm/

## တောင်ကိုရီးယားကုမ္ပဏီက မြန်မာနိုင်ငံမှ ပိန်းရိုးခြောက်ဝယ်ယူလို



တောင်ကိုရီးယားနိုင်ငံ၊ အင်ချွန်းမြို့အခြေစိုက် Fresh Leader Co., Ltd. က မြန်မာနိုင်ငံကနေ ပိန်းရိုးခြောက် ဝယ်ယူတင်သွင်းလိုကြောင်း အကြောင်းကြားလာတယ်လို့ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ကနေ သိရပါတယ်။


ကိုရီးယားအမဲသားစွပ်ပြုတ် (အစပ်အရသာ) ထုတ်လုပ်ရာမှာ ပါဝင်ပစ္စည်းအဖြစ် အသုံးပြုသွားဖို့ ပိန်းရိုးခြောက် ဝယ်လိုအားရှိနေတာကြောင့်လို့ ဆိုပါတယ်။

ဒါ့ကြောင့် တောင်ကိုရီးယားနိုင်ငံကိုပိန်းရိုးခြောက်တင်ပို့လိုတဲ့ အသင်းဝင်ကုမ္ပဏီတွေအနေနဲ့ အသင်းရုံး ဖုန်းနံပါတ် 0943127656 (Viber) ကို ကုမ္ပဏီအမည်၊ ဆက်သွယ်ရန်ပုဂ္ဂိုလ်အမည်၊ ရာထူး၊ ဖုန်းနံပါတ် (Viber) တို့ကို ဆက်သွယ်ပေးပို့နိုင်ကြောင်း MFVP က ကြေညာထားပါတယ်။

Fresh Leaders Co., Ltd. က ဗီယက်နမ်နိုင်ငံ၊ ထိုင်းနိုင်ငံနဲ့ တရုတ်နိုင်ငံ တို့မှ လယ်ယာထွက်ကုန်တွေ တင်သွင်းပြီး ပြည်တွင်းက နာမည်ကြီးကုမ္ပဏီတွေဖြစ်တဲ့ Ottogi Corporation နဲ့ CJ Group တို့ဆီ ဖြန့်ဖြူးနေတဲ့ ကုမ္ပဏီတစ်ခုဖြစ်ကြောင်း သိရပါတယ်။

**Source : BETV Business**

## စီးပွားဖြစ် ငှက်ပျောသီး စိုက်ပျိုးမှု



ကယားပြည်နယ်၊ လောပိတမြို့ဒေသသည် ရေမြေတောတောင်သာယာပြီး စိုက်ပျိုးရေးအတွက် အလွန်အလားအလာကောင်းသည့်နေရာတစ်ခုဖြစ်သည်။

ဘီလူးချောင်းနှင့်နီးကပ်စွာတည်ရှိနေပြီး ရေအရင်းအမြစ်ကြွယ်ဝစွာရရှိသည့်အပြင် အပူအအေးမျှတသောကြောင့် ငှက်ပျောပင်များ ရှင်သန်မှုကောင်းမွန်ပြီး အရည်အသွေးကောင်းသည့် ငှက်ပျောသီးများ အထွက်များသည်။

စီးပွားဖြစ်စိုက်ပျိုးထားရှိသောငှက်ပျောခင်းများမှဝင်ငွေကောင်းပြီးတောင်သူလယ်သမားများစားဝတ်နေရေးအတွက် အဆင်ပြေကြသည်။ အထူးသဖြင့် လောပိတငှက်ပျောသီးသည် ဒေသတွင်းမှာတင်မကဘဲ ပြည်နယ်ပြင်ပထိ နာမည်ကျော်ကြားသည့် ထွက်ကုန်တစ်ခုဖြစ်သည်။

လောပိတမြို့၊ လောခလေးကျေးရွာတွင် ရခိုင်ငှက်ပျောနှင့်ဖီးကြမ်းငှက်ပျောများကို အများဆုံးစိုက်ပျိုးကြပြီး ရွှေနီ၊ ရွှေဝါငှက်ပျောများကို အနည်းငယ်စိုက်ပျိုးကြသည်။ ဒေသခံအများစုသည် ဓာတုဗေဒမြေဩဇာကို အသုံးနည်းပြီး သဘာဝအတိုင်း (Organic)ဆန်ဆန် စိုက်ပျိုးကြသည်။စိုက်ပျိုးရေးဦးစီးဌာန၏မှတ်တမ်းများနှင့်ဒေသတွင်းခန့်မှန်းချက်များအရ ကယားပြည်နယ်တစ်ခုလုံးအတိုင်းအတာတွင် ငှက်ပျောစိုက်ဧကမှာ ပျမ်းမျှအားဖြင့် ဧက ၆,၀၀၀ မှ၈,၀၀၀ ဝန်းကျင် ရှိသည်။ ယခင်က လောပိတ၊ ထီးစဲခါးဒေသများတွင် စိုက်ဧကအများဆုံး စိုက်ပျိုးခဲ့သော်လည်းယခုအခါလောပိတမြို့တွင်သာ အဓိကစီးပွားဖြစ် စိုက်ပျိုးသည်ကိုသာ တွေ့ရှိရသည်။

ပျမ်းမျှအားဖြင့် ငှက်ပျောခြံတစ်ခြံလျှင် စိုက်ဧက ၄ ဧကမှ ၅ ဧကခန့်ထိ စိုက်ပျိုးကြသည်။

ကယားပြည်နယ်၊ လောပိတမြို့မှထွက်ရှိသည့် ငှက်ပျောသီးများကို လွိုင်ကော်မြို့၊ သီရိမင်္ဂလာဈေးတွင် နေ့စဉ်တင်ပို့ရောင်းချသည့်အပြင် ဖယ်ခုံ၊ ပင်လောင်း၊ အောင်ပန်း၊ တောင်ကြီးနှင့်မိတ္ထီလာစသည့်မြို့များသို့လည်း တင်ပို့ရောင်းချသည်။

ငှက်ပျောပင်များကို မိုးဦးကာလတွင်စတင်စိုက်ပျိုးကြပြီး ယခုလို နွေဦးကာလတွင် ၂ လလျှင် ၁ ကြိမ်အသီးများ ခုတ်ယူရောင်းချနိုင်သည်။ငှက်ပျောခိုင်တစ်ခိုင်လျှင် ၁၀ ဖီးမှ ၁၂ ဖီး ထွက်ရှိ၍ ရခိုင်ငှက်ပျောတစ်ဖီးလျှင် ၇၀၀ကျပ်နှင့် ဖီးကြမ်းတစ်ဖီးလျှင် ၈၀၀ ကျပ် လက်ကားဈေးရရှိကြောင်း ငှက်ပျောစိုက်ပျိုးသူ ဒေသခံတစ်ဦးထံမှ သတင်းရရှိသည်။

**Source : DOCA(ကယား)**

## ၂၀၂၆ ဖေဖော်ဝါရီလအထိ အိန္ဒိယနိုင်ငံ၏ သကြားတင်ပို့မှုများ တန်ချိန် ၂ ဒသမ ၀၁ သိန်းတန်ခန့်ရောက်ရှိ



၂၀၂၅-၂၀၂၆ ဈေးကွက်နှစ်အတွင်းဖေဖော်ဝါရီလအထိ အိန္ဒိယနိုင်ငံသည်သကြားတန်ချိန် ၂၀၁,၅၄၇ တင်ပို့ခဲ့ပြီး အာရပ်စော်ဘွားများပြည်ထောင်စု (UAE) နိုင်ငံသည် အိန္ဒိယနိုင်ငံမှ သကြားအများဆုံးတင်ပို့ရာ နိုင်ငံဖြစ်ကြောင်း ဖေဖော်ဝါရီလ ၁၆ ရက်နေ့တွင် အိန္ဒိယနိုင်ငံလုံးဆိုင်ရာ သကြားကုန်သွယ်မှုအသင်း (AISTA) မှ ထုတ်ပြန်သော ထုတ်ပြန်ချက်များအရ သိရသည်။

အိန္ဒိယနိုင်ငံ၏ သကြားတင်ပို့မှုကို သကြားစက်ရုံများအကြား အချိုးကျခွဲဝေပေးသည့် ခွဲတမ်းစနစ်ဖြင့် အစိုးရက ဆက်လက်ထိန်းချုပ်ထားကြောင်း သိရသည်။

ဗဟိုအစိုးရသည် မကြာသေးမီက ထပ်တိုးခွင့်ပြုခဲ့သည့် တန်ချိန် ၅ သိန်း အပါအဝင် ၂၀၂၅-၂၀၂၆ ဈေးကွက်နှစ် အတွက် စုစုပေါင်း သကြားတန်ချိန် ၂ သန်း တင်ပို့ရန် အတည်ပြုထားကြောင်း သိရသည်။

စုစုပေါင်း တင်ပို့မှုပမာဏတွင် သကြားဖြူ တန်ချိန် ၁၆၃,၀၀၀ တန်ခန့်နှင့် သန့်စင်ပြီး သကြား (Refined Sugar) တန်ချိန် ၃၇,၆၃၈ ပါဝင်ကြောင်း အိန္ဒိယနိုင်ငံလုံးဆိုင်ရာသကြားကုန်သွယ်မှုအသင်း (AISTA) မှ ထုတ်ပြန်သော ထုတ်ပြန်ချက်များအရ သိရသည်။

အိန္ဒိယနိုင်ငံ သည် သကြားတင်ပို့မှုကို (UAE) နိုင်ငံသို့ တန်ချိန် ၄၇,၀၀၆ ဖြင့် အများဆုံး တင်ပို့ခဲ့ပြီး ၎င်းနောက်တွင် အာဖဂန်နစ္စတန်နိုင်ငံသို့ တန်ချိန် ၄၆,၁၆၃ တန်ခန့် ဒုတိယအများဆုံး တင်ပို့ခဲ့ကြောင်း သိရသည်။

စက်တင်ဘာလတွင် ကုန်ဆုံးမည့် ၂၀၂၅-၂၀၂၆ ဈေးကွက်နှစ်အတွက် အိန္ဒိယ၏သကြားထုတ်လုပ်မှုမှာ ၁၃ ရာခိုင်နှုန်းခန့် မြင့်တက်လာပြီး တန်ချိန်ပေါင်း ၂၉ ဒသမ ၆ သန်းတန်ခန့် အထိ ထုတ်လုပ်လာနိုင်မည်ဖြစ်ကြောင်း AISTA ခန့်မှန်းချက်တွင် ဖော်ပြထားကြောင်း သိရသည်။

တင်ပို့လိုသည့် စက်ရုံများသို့ အပိုဆောင်း တန်ချိန် ၅ သိန်းအား အချိုးကျစနစ်ဖြင့် တင်ပို့ ခွင့်ပြုရန် အစိုးရ၏ ဆုံးဖြတ်ချက်ကို အဆိုပါကုန်သွယ်မှုအသင်းက မျှော်လင့်လျက်ရှိကြောင်း သိရသည်။

ကနဦးသတ်မှတ်ထားသည့် တန်ချိန် ၁ ဒသမ၅ သန်း ခွဲတမ်းမှာ စက်ရုံအချင်းချင်း လဲလှယ်ခွင့်ရှိသော်လည်း၊ ယခုအသစ်ချပေးသည့် ခွဲတမ်းမှာမူ ထိုသို့ လဲလှယ်ခွင့်မရှိကြောင်း AISTA ၏ ပြောကြားချက်အရ သိရသည်။

**Source: The Economic Times**

**DOCA (ရန်ကုန်)**

## ၂၀၂၅ ခုနှစ်တွင် ဂျပန်၏ ဆန်တင်ပို့မှု စံချိန်တင်



ဂျပန်နိုင်ငံ၏ ဆန်တင်ပို့မှုသည် ၂၀၂၅ ခုနှစ်တွင် ၃ ဒသမ ၇ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး စံချိန်တင် အမြင့်ဆုံးသို့ ရောက်ရှိခဲ့သော်လည်း တိုးတက်မှုနှုန်းမှာမူ နှေးကွေးခဲ့ကြောင်း ဖေဖော်ဝါရီလ ၁၀ ရက်နေ့ ထုတ်ပြန်သော အစိုးရ၏ အချက်အလက်များအရ သိရသည်။

စိုက်ပျိုးရေး၊ သစ်တောနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၏ အဆိုအရ ၂၀၂၅ ခုနှစ်တွင် အသင့်စားဆန်ထုပ်များအပါအဝင် ဆန်တန်ချိန် ၄၈,၀၀၀ ကျော် တင်ပို့ခဲ့ပြီး နိုင်းယှဉ်စာရင်းအင်းများ ရရှိနိုင်ခဲ့သည့် ၂၀၂၀ ခုနှစ်မှစ၍ ပြည်ပသို့ ၅ နှစ်ဆက်တိုက် စံချိန်တင် တင်ပို့နိုင်ခဲ့ခြင်းဖြစ်သည်။

ပြည်တွင်းစိုက်ပျိုးသော ဆန်ဈေးနှုန်းမြင့်မားမှုကြောင့် ပြည်တွင်းဖြန့်ဖြူးရောင်းချမှုကို ပိုမိုအားကောင်းစေခဲ့သည့်အတွက် ၂၀၂၄ ခုနှစ်အထိ ယခင်သုံးနှစ်တာကာလအတွင်း တိုးတက်မှုနှုန်းမှာ ၂၀ ရာခိုင်နှုန်းကျော်မှ သိသိသာသာ နှေးကွေးသွားခဲ့ကြောင်း ဝန်ကြီးဌာနက ဖော်ပြသည်။

ဂျပန်နိုင်ငံ၏ အစိုးရသည် အနာဂတ်တွင် ဆန်ပြတ်လပ်မှုကိုကာကွယ်ရန် ယန္တရားအသစ်တစ်ခု၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် ၂၀၂၄ ခုနှစ်မှ ၂၀၃၀ ခုနှစ်တွင် နိုင်ငံ၏ဆန်တင်ပို့မှုကို ရှစ်ဆနီးပါးတိုးမြှင့်၍ တန်ချိန် ၃၅၀,၀၀၀ အထိ တိုးမြှင့်ရန် စီစဉ်ထားကြောင်း သိရသည်။

**Source : Xinhua**

**DOCA (ရန်ကုန်)**

## STOCK EXCHANGE (25.2.2026)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 25th Feb, 2026

Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 42,102 (Shares) | 136,960,200 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,800 | -100 | -1.12% | 8,900 | 8,900 | 8,800 | 921 | 8,196,400 | 33,109,694 | 291,365 |
| MTSH | 00002 | 4,900 | -100 | -2.00% | 5,000 | 5,000 | 4,900 | 760 | 3,791,200 | 38,929,150 | 190,753 |
| MCB | 00003 | 8,500 | +200 | +2.41% | 8,300 | 8,500 | 8,300 | 10 | 83,400 | 10,400,986 | 88,408 |
| FPB | 00004 | 3,200 | +0 | +0.00% | 3,200 | 3,200 | 3,150 | 17,408 | 55,623,800 | 29,664,613 | 94,927 |
| TMH | 00005 | 2,950 | +0 | +0.00% | 2,950 | 2,950 | 2,950 | 326 | 961,700 | 12,823,224 | 37,829 |
| EFR | 00006 | 1,650 | +50 | +3.13% | 1,650 | 1,650 | 1,600 | 2,853 | 4,632,450 | 19,977,223 | 32,962 |
| AMATA | 00007 | 3,950 | +0 | +0.00% | 3,950 | 3,950 | 3,950 | 314 | 1,240,300 | 10,497,598 | 41,466 |
| MAEX | 00008 | 3,200 | +0 | +0.00% | 3,150 | 3,200 | 3,150 | 251 | 802,150 | 23,804,946 | 76,176 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 25th Feb. 2026

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 452.71 | -2.18 | -0.48% | 454.79 | 455.42 | 451.92 | 22,843 | 75,331,400 | 8 | 853,886 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 p.m. 25th Feb. 2026

| Trading Volume | Trading Value |
|---|---|
| 44,308 (Shares) | 145,783,200 (MMK) |

## Main Board

As of 1:00 p.m. 25th Feb. 2026

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 42,102 (Shares) | 136,960,200 (MMK) |

| MYANPIX | 452.71 ▼ 2.18 |
|---|---|
| Total Volume (shares) | 22,843 |
| Total Value (MMK) | 75 mil |
| Listed Company | 8 |
| Market Cap. (MMK) | 853,886 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,800 | ▼ 100 |
| MTSH | 00002 | 4,900 | ▼ 100 |
| MCB | 00003 | 8,500 | ▲ 200 |
| FPB | 00004 | 3,200 | ▲ 0 |
| TMH | 00005 | 2,950 | ▲ 0 |
| EFR | 00006 | 1,650 | ▲ 50 |
| AMATA | 00007 | 3,950 | ▲ 0 |
| MAEX | 00008 | 3,200 | ▲ 0 |